
# ပြည်နယ်နှင့်တိုင်းဒေသကြီးလွှတ်တော်များဆိုင်ရာ သတင်းစာစဉ်

အမှတ် (၃)၊ ဧပြီလ (၂) ရက်၊ ၂၀၁၆

## ပြည်နယ်/တိုင်းဒေသကြီးလွှတ်တော်များတွင် အစိုးရအဖွဲ့ ဝန်ကြီးချုပ်များ အသီးသီးကတိသစ္စာပြု

မတ် ၃၁ ရက် နံနက်က ကျင်းပသော မန္တလေးတိုင်းဒေသကြီးလွှတ်တော်တွင် တိုင်းဒေသကြီးဝန်ကြီးချုပ်အဖြစ် ခန့်အပ်ခံထားရသူ ဒေါက်တာဇော်မြင့်မောင် ကတိသစ္စာပြုနေသည်ကို တွေ့မြင်ရစဉ်။
*(The Voice Weekly Facebook မှ ကောက်နုတ်ဖော်ပြသည်။)*


ဓာတ်ပုံ-မြတ် (ကလေး)



ဓာတ်ပုံ-ကရင်ပြည်နယ်လွှတ်တော် Facebook

ကရင်ပြည်နယ် ဝန်ကြီးချုပ်အဖြစ် ခန့်အပ်ခံရသော ဒေါ်နန်းခင်ထွေးမြင့်သည် ပထမဆုံးပြည်နယ်/တိုင်းဒေသကြီးအစိုးရအဖွဲ့ အမျိုးသမီးဝန်ကြီးချုပ် ဖြစ်လာပြီး ၂၀၁၆၊ ဧပြီလ (၁) ရက်က ကျင်းပသော ဒုတိယအကြိမ် ကရင်ပြည်နယ်လွှတ်တော် အစည်းအဝေးတွင် ကတိသစ္စာပြုခဲ့သည်။

မွန်ပြည်နယ် ဝန်ကြီးချုပ်အဖြစ် ခန့်အပ်ခံရသော ဦးမင်းမင်းဦးသည် မတ်လ (၃၁) ရက်က မွန်ပြည်နယ်လွှတ်တော်တွင် ကတိသစ္စာပြုခဲ့သည်။
*(RFA Burmese မှ ကောက်နုတ်ဖော်ပြသည်။)*




ဒုတိယအကြိမ် ကချင်ပြည်နယ်လွှတ်တော် ပထမပုံမှန် အစည်းအဝေး (၁၃)ရက်မြောက်နေ့ကို မတ်လ (၃၁)ရက် နံနက်ပိုင်းတွင် ပြည်နယ်လွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ်အဖြစ် ရွေးချယ်တင်မြောက်ခံရသူ ဒေါက်တာခက်အောင်က လွှတ်တော်ရှေ့မှောက်တွင် ကတိသစ္စာ ပြုခဲ့သည်။ *(MOI Webportal Myanmar Facebook မှ ကောက်နုတ်ဖော်ပြသည်။)*





ဒုတိယအကြိမ် မကွေးတိုင်းဒေသကြီး လွှတ်တော် ပထမ ပုံမှန် အစည်းအဝေး အဋ္ဌမနေ့ကို မတ်လ ၃၁ ရက်နေ့က မကွေးတိုင်းဒေသကြီးလွှတ်တော်ခန်းမ၌ ကျင်းပပြုလုပ်ပြီး မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့ ဝန်ကြီးချုပ်အဖြစ် ခန့်အပ်ခံရသူ ဒေါက်တာ အောင်မိုးညိုမှ ကတိသစ္စာ ပြုခဲ့သည်။ *(MOI Webportal Myanmar Facebook မှ ကောက်နုတ်ဖော်ပြသည်။)*

ကယားပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှိုသည် မတ်လ (၃၁) ရက်နေ့က ကျင်းပသော ဒုတိယအကြိမ်ကယားပြည်နယ်လွှတ်တော် ပထမပုံမှန်အစည်းအဝေး စတုတ္ထနေ့တွင် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌရှေ့မှောက်တွင် ကတိသစ္စာပြုခဲ့သည်။
*(MOI Webportal Myanmar Facebook မှ ကောက်နုတ်ဖော်ပြသည်။)*




ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်အဖြစ် ခန့်အပ်ခံရသည့် ဦးဖြိုးမင်းသိမ်းသည် ဒုတိယအကြိမ် ရန်ကုန်တိုင်းဒေသကြီးလွှတ်တော် ပထမ ပုံမှန် အစည်းအဝေးနဝမနေ့တွင် ကတိသစ္စာပြုခဲ့သည်။ နိုင်ငံတော်သမ္မတက ဦးဖြိုးမင်းသိမ်းအား ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်အဖြစ် ခန့်အပ်တာဝန်ပေးပြီးဖြစ်ကြောင်း လွှတ်တော်ဥက္ကဋ္ဌက ကြေညာခဲ့ပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က လွှတ်တော်တွင် ကတိသစ္စာပြုခဲ့ခြင်းဖြစ်သည်။
*(Mizzimaburmese.com နှင့် Phyo Min Thein Facebook တို့မှ ကိုးကားဖော်ပြသည်။)*






စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော်တွင် ဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင်က ဥက္ကဋ္ဌရှေ့မှောက်တွင် ကတိသစ္စာပြုစဉ်။
*(MOI Webportal facebook မှ ကောက်နုတ်ဖော်ပြသည်။)*

EMReF
Enlightened Myanmar Research Foundation

## ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်တွင် ကော်မတီများ ဆက်တိုက်ဖွဲ့စည်း

ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်အတွက် ကော်မတီများကို ဆက်တိုက်ဖွဲ့စည်းလျက် ရှိရာ မတ်လ (၃၁) ရက်နေ့က ကျင်းပသော ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်အစည်းအဝေးတွင် တိုင်းရင်းသားလူမျိုးများအရေးဆိုင်ရာကော်မတီနှင့် စိုက်ပျိုးရေး၊ မွေးမြူရေး၊ စွမ်းအင်၊ လျှပ်စစ်၊ သတ္တုနှင့် သစ်တောရေးရာကော်မတီတို့ကို အဖွဲ့ဝင် (၁၁) ဦးစီနှင့် ဖွဲ့စည်းခဲ့သည်။

ယနေ့ (ဧပြီလ ၁ ရက်) တွင် ကျင်းပသော လွှတ်တော်အစည်းအဝေးတွင် ထပ်မံ၍ တရားစီရင်ရေး၊ ဥပဒေစိုးမိုးရေးနှင့် တိုင်ကြားစာများ၊ အသနားခံစာများစိစစ်ရေးကော်မတီကို အဖွဲ့ဝင် (၁၁) ဦးဖြင့် ဖွဲ့စည်းခဲ့သည်ဟု သိရသည်။

*(ကိုးကား- Nay P Latt Facebook)*

## ကရင်ပြည်နယ်လွှတ်တော်က ကော်မတီ သုံးခု ဖွဲ့စည်းရန် အတည်ပြု

ဒုတိယအကြိမ် ကရင်ပြည်နယ်လွှတ်တော် ပထမပုံမှန် အစည်းအဝေး၊ စတုတ္ထနေ့တွင် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက ပြည်နယ်စည်ပင်သာယာရေး၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် စီးပွားရေးကော်မတီ၊ ပြည်နယ်ဘဏ္ဍာငွေအရအသုံးဆိုင်ရာ စိစစ်အကြံပြုရေးကော်မတီနှင့် ပြည်နယ်လျှပ်စစ်နှင့် စွမ်းအင် ဖွံ့ဖြိုးတိုးတက်ရေးကော်မတီများ ဖွဲ့စည်းနိုင်ရေး ကြေညာခဲ့သည်။

ဆက်လက်၍ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက ယင်းကော်မတီများ၏ အဖွဲ့ဝင်ဦးရေ၊ အဖွဲ့ဝင်များ၏အမည်စာရင်း၊ ကော်မတီဥက္ကဋ္ဌများနှင့် အတွင်းရေးမှူးများ၏အမည်စာရင်းကို လွှတ်တော်သို့ တင်ပြအတည်ပြုချက်ရယူခဲ့ရာ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များက ကန့်ကွက်မှုမရှိ သဘောတူညီသည့်အတွက် အတည်ပြုကြောင်း လွှတ်တော်ဥက္ကဋ္ဌက ကြေငြာခဲ့သည်။

*(MOI Webportal Myanmar Facebook မှ ကောက်နုတ် ဖော်ပြသည်။)*

## ရှမ်းပြည်နယ်လွှတ်တော်တွင် ကော်မတီနှစ်ခု ဖွဲ့စည်း



ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် စတုတ္ထမြောက်နေ့တွင် ဒေသန္တရစီမံကိန်းနှင့် ဘဏ္ဍာငွေအရအသုံးဆိုင်ရာ စိစစ်ရေးကော်မတီနှင့် တိုင်ကြားစာများစိစစ်ရေးကော်မတီ နှစ်ရပ်ကို ဖွဲ့စည်းခဲ့သည်။

ဒေသန္တရစီမံကိန်းနှင့် ဘဏ္ဍာငွေအရအသုံးဆိုင်ရာ စိစစ်ရေးကော်မတီတွင် အဖွဲ့ဝင် (၇) ဦး၊ တိုင်ကြားစာများစိစစ်ရေးကော်မတီတွင် အဖွဲ့ဝင် (၇) ဦးဖြင့် ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌက အမည်စာရင်း တင်သွင်းခဲ့ခြင်း ဖြစ်သည်။

*(7 Day Daily newspaper မှ ကောက်နုတ်ဖော်ပြသည်။)*

**ပြည်နယ်နှင့် တိုင်းဒေသကြီး လွှတ်တော်များဆိုင်ရာ သတင်းစာစဉ်**

**စုစည်းတင်ပြသူ**

ပညာ
အလင်းပွင့်
မြန်မာ
သုတေသန
ဖောင်ဒေးရှင်း

ဆက်သွယ်ရန်
၀၉ ၄၅၀ ၁၀၀ ၇၅၀

## ဒုတိယအကြိမ် ကချင်ပြည်နယ်လွှတ်တော် ကော်မတီတစ်ခု အတည်ပြုဖွဲ့စည်း



ဒုတိယအကြိမ် ကချင်ပြည်နယ်လွှတ်တော် ပထမပုံမှန် အစည်းအဝေး (၁၄) ရက်မြောက်နေ့ (၁၊ ဧပြီ၊ ၂၀၁၆) တွင် ကော်မတီ(၁)ခုကို အတည်ပြုဖွဲ့စည်းလိုက်သည်။ ယမန်နေ့အစည်းအဝေးတွင် လွှတ်တော်သို့ တင်သွင်းထားခဲ့သည့် စည်ပင်သာယာရေး၊ ပညာရေး၊ ကျန်းမာရေးနှင့် လူမှုရေးဆိုင်ရာကော်မတီကို အဖွဲ့ဝင်(၇) ဦးဖြင့် ဖွဲ့စည်းလိုက်ခြင်း ဖြစ်သည်။

*(ကိုးကား-MOI webportal Myanmar Facebook)*

## ကတိပျက်ကွက်သည့်ကုမ္ပဏီကို စိစစ်ပေးရန် ဒေါက်တာအောင်နိုင်ဦး၏အရေးကြီးအဆို မွန်လွှတ်တော် အတည်ပြု




ဓာတ်ပုံ - မွန်ပြည်နယ်လွှတ်တော်တွင် မတ်လ ၂၉ ရက်နေ့က ချောင်းဆုံမြို့နယ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာ အောင်နိုင်ဦး အဆိုတင်သွင်းစဉ်

အင်္ဂါ၊ ၂၉ မတ်လ၊ ၂၀၁၆

မွန်ပြည်နယ်၊ မော်လမြိုင်မြို့၊ ကမ်းနားလမ်းကို တိုးချဲ့ဖောက်လုပ်သည့် စုန်ရေကုမ္ပဏီသည် ပြီးခဲ့သည့် လွှတ်တော်သက်တမ်းအတွင်း ကတိပြုထားသည့်အတိုင်း လိုက်နာဆောင်ရွက်ခြင်း မရှိသောကြောင့် ဒုတိယအကြိမ် ပြည်နယ်လွှတ်တော်အနေနှင့် ပြန်လည်စိစစ်ပေးရန် တိုက်တွန်းသော အရေးကြီးအဆိုကို ယနေ့ အတည်ပြုလိုက်သည်။

စုန်ရေကုမ္ပဏီအနေဖြင့် ငွေကျပ်သိန်းပေါင်း ၂ သောင်းခွဲနှင့် မြေတစ်ဧကခွဲကို ပြည်နယ်အစိုးရထံ ပေးအပ်ရန် ကတိပြုထားသော်လည်း ကတိပြုချက်အတိုင်း မလိုက်နာသောကြောင့် ပြန်လည်စစ်ဆေးပေးရန် ချောင်းဆုံမြို့နယ် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဒေါက်တာအောင်နိုင်ဦးက အရေးကြီးအဆို တင်သွင်းခဲ့ခြင်း ဖြစ်သည်။

*(RFA Burmese Website မှ ကောက်နုတ်ဖော်ပြသည်။)*

EMReF
Enlightened Myanmar Research Foundation

## ဖတ်စရာသတင်းတိုများ

➤ ရန်ကုန်တိုင်းတွင် မိုးရာသီရေကြီးရေလျှံမှု၊ ယာဉ်ကြောပိတ်ဆို့မှု၊ အမှိုက်များစုပုံနေမှု၊ အလုပ် လက်မဲ့များ၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဝင်ရောက်ရန်ခက်ခဲမှုများသည် အဓိကစိန်ခေါ်မှုများဖြစ်ပြီး ယင်း တို့ကို အဓိကထားဖြေရှင်းသွားမည် ဖြစ်ကြောင်း၊ ရန်ကုန်တိုင်းအတွင်း အဂတိတရားကင်းသည့် ပြုပြင် ပြောင်းလဲရေးဖြစ်စေရန်လည်း လုပ်ဆောင်သွားမည် ဖြစ်ကြောင်း ဦးဖြိုးမင်းသိန်းက မတ်လ (၂၈) ရက်နေ့က ပြောကြားလိုက်သည်။ *(The Voice Weekly Facebook)*

➤ "ဒီနေ့အချိန်ခါ NLD ရဲ့လက်ထဲပါဝါရောက်လာတဲ့အချိန်ခါမှာ ကျွန်တော်တို့ ANP နဲ့ အများစု ရခိုင်ပြည်နယ်ထဲမှာ အနိုင်ရထားတဲ့အတွက် ANP ပါတီကိုပေးမယ်ဆိုရင် သူတို့အနေနဲ့ပေးလို့ ရပါတယ်၊ ဖွဲ့စည်းပုံကတော့ ဘယ်သူ့ကိုပေးရမယ်၊ နိုင်တဲ့သူပဲယူရမယ် ဆိုတာမျိုးကတော့ မရှိပါဘူးခင်ဗျာ" ဟု ANP ပါတီမှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဖေသန်းက ပြောသည်။ *(Arakan State Facebook)*

➤ တိုင်းဒေသကြီးနှင့်ပြည်နယ်အစိုးရအဖွဲ့များတွင် ဝန်ကြီးဌာနနှင့် ဝန်ကြီးအရေအတွက် လျှော့ချပြင်ဆင်ဖွဲ့စည်းရန် စီစဉ်နေကြောင်း အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) မှ ပြောရေးဆိုခွင့်ရှိသူ ဒေါက်တာဇော်မြင့်မောင်က ပြောကြားသည်။ ဒေါက်တာဇော်မြင့်မောင်သည် မန္တလေးတိုင်းဒေသကြီး၏ ဝန်ကြီးချုပ်လည်း ဖြစ်သည်။ *(7 Day News Website)*

➤ "တရားဥပဒေစိုးမိုးမှု အရင်ရှိအောင် လုပ်ရမှာပေါ့။ တရားဥပဒေစိုးမိုးလာလို့ရှိရင် လာဘ်ပေးလာဘ်ယူဆိုတာ အလိုလို လျော့ကျသွားမှာပေါ့။ လာဘ်ပေး လာဘ်ယူ အကုန်လုံးပျောက်အောင်တော့ လုပ်လို့ဘယ်ရမလဲ။ မြေယာသိမ်းဆည်းမှုတွေနဲ့ ပတ်သက်လို့က မြေယာဥပဒေတွေရှိတာပဲ။ အဲဒီဥပဒေအတိုင်း လုပ်မှာပေါ့" ဟု ကချင်ပြည်နယ် ဝန်ကြီးချုပ် ဒေါက်တာခက်အောင်က ပြောကြားသည်။ *(DVB Burmese)*

## တိုင်းဒေသကြီး/ပြည်နယ်ဝန်ကြီးချုပ်သစ်များ တာဝန်စတင်ထမ်းဆောင်


ဒေါက်တာမြင့်နိုင်
(စစ်ကိုင်း)


မန်းရှော်နီ
(ဧရာဝတီ)


ဒေါက်တာခက်အောင်
(ကချင်)


ဒေါက်တာလင်းထွဋ်
(ရှမ်း)


ဒေါ်နန်းခင်ထွေးမြင့်
(ကရင်)


ဦးဖြိုးမင်းသိမ်း
(ရန်ကုန်)


ဒေါက်တာလဲ့လဲ့မော်
(တနင်္သာရီ)


ဦးဝင်းသိန်း
(ပဲခူး)


ဦးမင်းမင်းဦး
(မွန်)


ဦးအယ်လ်ဖောင်းရှို
(ကယား)


ဒေါက်တာဇော်မြင့်မောင်
(မန္တလေး)


ဒေါက်တာ
အောင်မိုးညို (မကွေး)

သောကြာ၊ ၁ ဧပြီ၊ ၂၀၁၆

ပြည်နယ်နှင့်တိုင်းဒေသကြီးများ၌ ဝန်ကြီးချုပ်သစ် အဖြစ် ခန့်အပ်ခံရသူအချို့သည် မတ်လ ၃၁ ရက်တွင် ကျမ်းသစ္စာကျိန်ဆိုပြီး ထိုနေ့တွင်ပင် လုပ်ငန်းတာဝန်များ စတင်ထမ်းဆောင်ခဲ့ကြသည်။

မတ်လ ၃၁ ရက်တွင် ရန်ကုန်တိုင်းဝန်ကြီးချုပ် ဦးဖြိုးမင်းသိမ်းသည် တိုင်းအစိုးရအဖွဲ့တာဝန်ရှိ သူများနှင့် ရန်ကုန်မြို့လုံခြုံရေးနှင့် ဖွံ့ဖြိုးတိုး တက်ရေးကိစ္စများ ဆွေးနွေးတိုင်ပင်ခဲ့ကြောင်း ရန်ကုန်တိုင်း လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးတင်အောင်ထွန်းက ပြော သည်။

ရန်ကုန်တိုင်းအတွက် ကရင်တိုင်းရင်းသားလူမျိုး ရေးရာဝန်ကြီးနှင့် ရခိုင်တိုင်းရင်းသားလူမျိုးရေးရာ ဝန်ကြီးတို့ကို သမ္မတဦးထင်ကျော်က မတ်လ ၃၀ ရက်တွင် ခန့်အပ်ထားသည်။

ထို့အပြင် မန္တလေးတိုင်းဝန်ကြီးချုပ်အဖြစ် ခန့်အပ်ခံ ရသော ဒေါက်တာဇော်မြင့်မောင်သည် တိုင်းဒေသ ကြီး အစိုးရအဖွဲ့ရှိရုံးခန်းများ၊ ဝန်ကြီးချုပ်နေထိုင် မည့်အိမ်တော်နှင့် မြို့တော်ဝန်နေထိုင်မည့် နေအိမ် တို့ကို သွားရောက် ကြည့်ရှုခဲ့သည်။

အလားတူ မကွေးတိုင်းဝန်ကြီးချုပ်သစ်အဖြစ် ခန့် အပ်ခံရသော ဝန်ကြီးချုပ် ဒေါက်တာအောင်မိုးညို သည် မတ်လ ၃၁ ရက်တွင် ဝန်ကြီးချုပ် ကျမ်းသစ္စာ ကျိန် ဆိုပြီး ယင်းနေ့၌ လုပ်ငန်း တာဝန်များ စတင် ထမ်း ဆောင်ခဲ့သည်။ တနင်္သာရီ တိုင်းဝန်ကြီးချုပ် အဖြစ် ခန့် အပ်ခံရသော ဒေါက်တာလဲ့လဲ့ မော် သည် မတ်လ ၃၁ ရက်


ဦးညီပု
(ရခိုင်ပြည်နယ်)

တွင် ဝန်ကြီးချုပ် ကျမ်းသစ္စာကျိန်ဆိုပြီး တိုင်း ဒေသကြီးအတွင်းရှိ မြေယာပြဿနာများကို ဦး စားပေး ဖြေရှင်းမည် ဖြစ်ကြောင်း ပြောကြားခဲ့ သည်။ မွန်ပြည်နယ်ဝန်ကြီးချုပ်သစ် ဦးမင်းမင်းဦး သည် မတ်လ ၃၁ ရက်တွင် လုပ်ငန်းတာဝန်များ စတင်ထမ်းဆောင်ခဲ့ကြောင်း ၎င်းက ပြောသည်။

သို့သော် မွန်ပြည်နယ်ဝန်ကြီးချုပ် ပေးပို့သည့် ပြည်နယ်ဝန်ကြီးစာရင်း လွှတ်တော်သို့ ရောက်ရှိ လာခြင်း မရှိသေး၍ ပြည်နယ်အစိုးရအဖွဲ့ အတည်ပြုပေးမည့်ရက် နောက်ကျမည်ဟု မွန် ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌဒေါ်တင်အိက ပြော ကြားသည်။

*(7 Day Daily Website မှ ငြိမ်းချမ်း ၏သတင်းကို ကောက်နုတ် ဖော်ပြသည်။)*

**လွှတ်တော်မှတ်ပုံကဏ္ဍ**



ကယားပြည်နယ်လွှတ်တော်အစည်းအဝေးခန်းမဝင်ပေါက်

## ဒုတိယအကြိမ်ပြည်နယ်/တိုင်းဒေသကြီး အစိုးရအဖွဲ့ဝန်ကြီးချုပ်များ

| စဉ် | ပြည်နယ်/တိုင်းဒေသကြီး | အမည် | မဲဆန္ဒနယ် |
|---|---|---|---|
| ၁ | ရန်ကုန်တိုင်းဒေသကြီး | ဦးဖြိုးမင်းသိန်း | လှည်းကူး (၂) |
| ၂ | တနင်္သာရီတိုင်းဒေသကြီး | ဒေါ်လဲ့လဲ့မော် | သရက်ချောင်း (၁) |
| ၃ | စစ်ကိုင်းတိုင်းဒေသကြီး | ဦးမြင့်နိုင် | ကန့်ဘလူ (၂) |
| ၄ | မန္တလေးတိုင်းဒေသကြီး | ဦးဇော်မြင့်မောင် | အမရပူရ (၁) |
| ၅ | ဧရာဝတီတိုင်းဒေသကြီး | ဦးမန်းရှော်နီ | ကျုံပျော် (၁) |
| ၆ | ချင်းပြည်နယ် | ဆလိုင်းလျန်လွယ် | ဖလမ်း (၂) |
| ၇ | ကချင်ပြည်နယ် | ဦးခက်အောင် | မြစ်ကြီးနား (၁) |
| ၈ | ကယားပြည်နယ် | ဦးအယ်လ်ဖောင်းရှို | မယ်စဲ့ (၂) |
| ၉ | ကရင်ပြည်နယ် | ဒေါ်နန်းခင်ထွေးမြင့် | ဘားအံ (၁) |
| ၁၀ | မွန်ပြည်နယ် | ဦးမင်းမင်းဦး | ဘီးလင်း (၂) |
| ၁၁ | ရခိုင်ပြည်နယ် | ဦးညီပု | ဂွ (၂) |
| ၁၂ | ရှမ်းပြည်နယ် | ဦးလင်းထွဋ် | လားရှိုး (၁) |
| ၁၃ | ပဲခူးတိုင်းဒေသကြီး | ဦးဝင်းသိန်း | ရေတာရှည် (၂) |
| ၁၄ | မကွေးတိုင်းဒေသကြီး | ဦးအောင်မိုးညို | ပွင့်ဖြူ (၁) |

**သတင်းရင်းမြစ်အားလုံးကို ကျေးဇူးတင်ရှိပါသည်။**

EMReF
Enlightened Myanmar Research Foundation